## အလုပ်အကိုင်ဆိုင်ရာ လေ့ကျင့်ရေးသင်တန်းကျောင်းများလျှောက်ထားရာတွင် အထောက်အထားများဖြင့် တင်ပြရမည့်အချက်များ

၁။ သင်ကြားမည့်ဘာသာရပ်များအတွက် ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းများ၊

၂။ သင်တန်းကျောင်းတည်နေရာမြေပုံ၊ အဆောက်အဦနှင့် သင်တန်းကျောင်း၏ အဆောက်အဦ ဖွဲ့စည်းထားရှိပုံ (သင်တန်းကျောင်း Layout)၊

၃။ သင်တန်းဆရာ၊ သင်တန်းနည်းပြများ၏ အမည်၊ အရည်အချင်း၊ ဘွဲ့လက်မှတ်များ၊ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (နိုင်ငံခြားသား နည်းပြများ ဖြစ်ပါက Passport) အစရှိသည့် ကိုယ်ရေးရာဇဝင် အချက်အလက်များ၊

၄။ သင်ကြားမည့် ဘာသာရပ်နှင့်သက်ဆိုင်သည့် သင်တန်းအမျိုးအမည်များနှင့် သင်တန်း ကာလ၊

၅။ သင်တန်းတစ်ခုချင်းစီအလိုက် သင်တန်းတွင် အသုံးပြုရမည့် လေ့ကျင့်သင်ကြားရေးစနစ် နှင့်သင်ထောက်ကူပစ္စည်းများ၊

၆။ သင်ကြားပို့ချမည့်ဘာသာရပ်နှင့်ပတ်သက်၍ သတ်မှတ်ထားသော ရာခိုင်နှုန်းများ (လက်တွေ့ သင်ကြားခြင်း၊ စာတွေ့သင်ကြားခြင်း)နှင့် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ နည်းလမ်းများ၊

၇။ သင်တန်းပြီးဆုံးပါက သင်တန်းသားများကို ပေးအပ်မည့် သင်တန်းဆင်းလက်မှတ် (နမူနာ)၊

၈။ ပြည်တွင်း/ ပြည်ပသင်တန်းကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှု အခြေအနေ (ရှိခဲ့ပါက သင်တန်းကျောင်းအမည်နှင့် သင်ကြားသည့် ဘာသာရပ်များ)၊

၉။ သင်တန်းအမျိုးအစားတစ်ခုချင်းအလိုက် ကောက်ခံသွားမည့်သင်တန်းကြေး၊

၁၀။ သင်တန်းကျောင်းရှိ သင်တန်းနည်းပြများအပါအဝင် သင်တန်းကျောင်းဝန်ထမ်းဖွဲ့စည်းပုံ၊

၁၁။ အလုပ်အကိုင်ဆိုင်ရာ လေ့ကျင့်ရေးသင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်လိုသော အလုပ်ရှင် သို့မဟုတ် ဝန်ဆောင်မှု ပေးလိုသူသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပေးသည့် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်မိတ္တူ၊

၁၂။ သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်လိုသော အလုပ်ရှင် သို့မဟုတ် ဝန်ဆောင်မှု ပေးလိုသူ နှင့် Board of Director အဖွဲ့ဝင်များ၏ ကိုယ်ရေးရာဇဝင် အချက်အလက်များ၊

၁၃။ ဖွင့်လှစ်မည့် သင်တန်းကျောင်းအဆောက်အဦသည် ကိုယ်ပိုင် ဟုတ်/ မဟုတ်၊

၁၄။ ကုမ္ပဏီမှ သင်တန်းဖွင့်လှစ်ရန် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်။